ပေါ်သစ်သောင်ကျေးရွာ

ရေလဲအုပ်စု၊ဇလွန်မြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေး

ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ပေါ်သစ်သောင်ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဇလွန်မြို့နယ်၏အကူ

အညီဖြင့်ရေးဆွဲပါသည်။)

စက်တင်ဘာလ၊ ၂၀၂၂

## မာတိကာ


မာတိကာ

အတိုကောက်စကားလုံးများ ၁

စကားချီး ၂

ပေါ်သစ်သောင်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ် ၃

ပေါ်သစ်သောင်ကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ် ၄

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**

(၁)နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၅

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၆

(ခ) သဘာဝအရင်းအမြစ်များ ၇

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၁

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊

သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၂
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၃
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၁၄
(၈) ဦးစားပေးစီမံချက်များနှင့်၄င်း အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၅
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၁၆
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၁၇
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၁၈
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** **၁၉**
(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍာအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍာ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ

**ဇယား** ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

**ဇယား** ၂၈ ကျောင်းအပ်နှုန်း

ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ

ဇယား ၃၀ **ပညာရေး** အခက်အခဲ နှင့် ပြဿနာများ

ဇယား ၃၁ **အဖြစ်များသော** ရောဂါများ

ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ သောက်သုံးရေရရှိမှု

ဇယား ၃၄ သန့်ရှင်းရေးအခြေအနေ

ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှုအခြေအနေ

ဇယား ၃၆ ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး

ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား **၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ**

ဇယား **၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**

**ဇယား ၄၀ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ**

**ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု**

**ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ**

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ**

၇၂

**ဇယား ၄၃** ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၇၄

**ကိုးကားစာရင်း**

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်**

စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

## အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MCRD | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၂/၂၀၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅/၂၆ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထား သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်း များကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြ သော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ် နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေး ဆွဲရေးကျွမ်းကျင်သူအဖွဲ့ တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ရေး ဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက် အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက် ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုး မှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံး သပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိ နိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

စက်တင်ဘာလ၊၂၀၂၂

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ပေါ်သစ်သောင်
ဇလွန်မြို့နယ်

# ၃

## ပေါ်သစ်သောင်

### ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ်



# ၆

## ပေါ်သစ်သောင်ကျေးရွာရာသီခွင်ပြက္ခဒိန်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုး ရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ် ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာ ကိန်း ဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်း ကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ် ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

## နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စု အဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်အောင် ဆောင်ရွက်လာ နိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော် တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော် တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေ သနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှု များပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုး ရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်း လင်း မှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။

ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွား မည့်အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ပေါ်သစ်သောင်ကျေးရွာသည် ဧရာဝတီမြစ်ကြီး၏ အရှေ့ဘက်ခြမ်းတွင် တည်ရှိပြီး ဇလွန်မြို့နှင့်(၂)မိုင်ခန့်ကွာဝေးပြီးဇလွန်မြို့၏အရှေ့ဘက်အရပ်တွင်တည်ရှိပါသည်။ ဇလွန်မြို့သို့ရေကြောင်းခရီးတလှည့်၊ ခြေလျင်တလှည့်သွားလာရခြင်းကြောင့် အနည်းငယ်အဆင်မပြေမှုများရှိပါသည်။ ပေါ်သစ်သောင်ကျေးရွာသည် မြေပြန့်ဒေသဖြစ်ပြီးအဓိကအသက် မွေးဝမ်းကြောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်း၊ ကျပန်းလုပ်ငန်းတို့နှင့်ပြည်တွင်းပြည်ပသွားရောက်လုပ်ကိုင်သူများလည်းရှိပါသည်။ ဒေသ၏တစ်နှစ် ပျမ်းမျှမိုးရေချိန်လက်မမှာ (၃၀) အထက်ရှိပြီး မိုးရာသီတွင် မိုးစပါးစိုက်ပျိုးရေကို မိုးရေဖြင့် လုံလောက်ပါသည်။ စိုက်ပျိုး မြေများတွင်ပြောင်း ၊ ပဲတို့ကို အဓိက ထား၍အသက်မွေးဝမ်းကြောင်းပြုရပါသည်။ မိုးရာသီ အချိန် ကာလတွင် ဟင်းသီးဟင်းရွက်များ အနည်းငယ်စိုက်ပျိုးရရှိ၍ ရေကြီးနစ်မြုပ်မှုနှင့်နှစ်စဉ်ရင်ဆိုင်နေရသောကြောင့် ငွေကုန်ကြေးကျများမှုနှင့်ကြုံတွေ့နေရပါသည်။

### (ခ) သဘာဝအရင်းအမြစ်

ပေါ်သစ်သောင်ကျေးရွာ တွင် ကျောက်နှင့်သဲ အနည်းငယ်ထွက်ရှိသောကြောင့် ကျေးရွာလမ်းပန်းဆက်သွယ်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများတွင် လွယ်ကူစွာအသုံးပြုနိုင်ကြပါသည်။ တွင်းထွက်သယံဇာတများ၊ သဘာဝအပင်မျိုးစိတ်များ၊ သဘာဝတိရစ္ဆာန်မျိုးစိတ်များ ရရှိနိုင်မှုမရှိပါ။ ကိုင်းစိုက်ပျိုးရာတွင်အဓိကလုပ်ကိုင်သောကြောင့် နွားစာအတွက် ကိုင်းကဝင်းရှိမြက်များကို အလွယ်တကူရရှိနိုင်ပါသည်။ စားကျက်မြေ သီးသန့်မရှိတော့ပါ။ ဆေးဘက်ဝင် အပင်များမှာ သာမန်တွေ့ရသော ကျိတ်မှန်ရွက်ပင်၊ ဆင်နှာမောင်းပင်၊ ထိကရုံးပင် အစရှိသည့်အပင်များသာရှိပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ပေါ်သစ်သောင်ကျေးရွာ တွင် အိမ်ခြေ(၁၂၉)အိမ်၊ အိမ်ထောင်စု(၁၂၉)နှင့် လူဦးရေ (၄၈၁)ဦး ရှိပါသည်။ ကလေးငယ်အရွယ်(၁၁)%၊ ကျောင်းနေအရွယ်(၄၁)%၊ အလုပ်လုပ်နိုင်သော အရွယ် (၄၀)%၊ သက်ကြီးရွယ်အို(၆)%၊မသန်စွမ်း(၂%)ရှိပါသည်။ ကျေးရွာတွင် ကရင်နှင့်ဗမာ လူမျိုး များ နေထိုင်ကြပါသည်။ ကျေးရွာတွင် အမျိုးသား (၂၃၂)ဦး၊ အမျိုးသမီး(၂၄၉)ဦး ရှိသဖြင့် ကျားမအချိုး များ ပြားစွာ ကွာဟမှုမရှိ သောကြောင့် အမျိုးသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များကိုပါ ထည့်သွင်း စဉ်းစားပြီး အလုပ်အကိုင် များ ကို ဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုး ရေးအတွက် ပိုမိုအထောက်အအကူပြုစေနိုင်ပါမည်။

### (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ပေါ်သစ်သောင်ကျေးရွာတွင် ကိုင်းစိုက်ပျိုးရေးကိုအများဆုံး လုပ်ကိုင်ကြပြီး မိသားစုအ ပို ဝင်ငွေရရှိအောင်၊ တစ်ပိုင်တစ်နိုင် ကြက်၊ဘဲ၊ဝက်မွေးမြူခြင်း၊ ရာသီအလိုက်လယ်ယာ လုပ်ငန်း ခွင်တွင် ကျပန်းအလုပ် လုပ်ကိုင်ခြင်း၊ကယ်ရီအငှားလိုက်ခြင်းတို့ဖြင့် အသက်မွေး ကြောင်း ပြုကြပါသည်။ ရာသီအလိုက် ကျပန်းလုပ်ငန်း လုပ်ကိုင်သူ (၄၀)ဦး၊ကယ်ရီ အငှား လိုက်သူ (၅)ဦး ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

ပေါ်သစ်သောင်ကျေးရွာ ၏ ဥစ္စာဓနအဆင့်အခြေအနေမှာ အဆင်ပြေသော အိမ်ထောင်စုမရှိကြောင်း၊အလယ်အလတ်အိမ်ထောင်စု(၆၄)အိမ် (၅၀%)၊ ၊ မပြေလည်သောအိမ်ထောင်စု (၄၅) အိမ်(၃၅%)ရှိပြီး အလွန်မပြေလည်သော အိမ်ထောင်စု(၂၀)အိမ်(၁၅%) ရှိကြောင်းတွေ့ရှိရပါ သည်။ လယ်ယာလုပ်ငန်း အဓိက လုပ်ကိုင်ကြပြီး (၁၅)ကေအထက် ကိုင်းမြေများပိုင်ဆိုင်ကြကြောင်း၊ လယ်ယာလုပ်ငန်းသုံး ထွန်စက်ငယ်များ ပိုင်ဆိုင်ကြကြောင်း၊ သစ်အိမ်အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ လယ်လုပ်ငန်းအဓိကလုပ်ကိုင်ကြပြီး (၅)ကေအထက် လယ်မြေများ ပိုင်ဆိုင် ကြကြောင်း၊ လယ်ယာလုပ်ငန်းသုံး ထွန်စက်ငယ်များ ပိုင်ဆိုင်ကြကြောင်း၊ သစ်အိမ်အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ မပြေလည်သော အိမ်ထောင်စုများမှာ (၅)ကေအောက် လယ်လုပ်ငန်းလုပ်ကိုင်သူများ လည်းရှိကြောင်း၊ ရာသီအလိုက်နေ့စားကျပန်း လုပ်ကိုင်ကြသော မြေယာမဲ့များလည်းရှိကြောင်း၊ ဝါးအိမ် အများဆုံးဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ပေါ်သစ်သောင်ကျေးရွာတွင် အိမ်ထောင်စု(၁၂၉)အနက် မြေယာမဲ့အိမ်ထောင်စု (၆၇)% ရှိ

ကြောင်း၊ စိုက်ပျိုးမြေယာကေ(၅)ကေအောက် ပိုင်ဆိုင်သူတောင်သူငယ်အိမ်ထောင်စု (၁၀)% ရှိကြောင်း၊ စိုက်ပျိုးမြေယာကေ(၅)ကေနှင့် (၁၂.၅)ကေကြားပိုင်ဆိုင်သူတောင်သူလတ်အိမ်ထောင်စု (၉) အိမ်(၂၂)%ရှိကြောင်း၊ စိုက်ပျိုးမြေယာကေ(၁၂.၅)ကေအထက်ပိုင်ဆိုင်သူ တောင်သူကြီးအိမ်ထောင်စု (၁)%ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ပေါ်သစ်သောင်ကျေးရွာ ကျေးရွာသည် လယ်နှင့်ကိုင်းအား အဓိကလုပ်ကိုင်သောဒေသ ဖြစ်သဖြင့် လယ်ယာစိုက်ပျိုးရေးသုံးစက်ကိရိယာများပိုင်ဆိုင်မှုမှာ လက်တွန်းထွန်စက်(၁)စီး၊ ခြွေလှေ့စက်(၁) စီး၊ ရေစုပ်စက်(၆၃)စီးရှိကြကြောင်းတွေ့ရှိရပါသည်။ လယ်ယာစိုက်ပျိုး ရေးသုံးစက် ကိရိယာများမရှိ၍ လက်တွန်းထွန်စက်အား ငှားရမ်းလုပ်ကိုင် နေသော အိမ်ထောင်စုအရေအတွက်(၅၃)အိမ်၊ ရေစုပ်စက်အားငှားရမ်း လုပ်ကိုင်နေသော အိမ်ထောင်စုအရေအတွက် (၅၃)အိမ် စုပေါင်း၍ အသုံးပြုရန်အတွက် ရွာပိုင်၊ အဖွဲ့ပိုင် စက်ကိရိယာများ သတ်သတ်မှတ်မှတ် ထားရှိခြင်းမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ပေါ်သစ်သောင်ကျေးရွာ သည် အိမ်ထောင်စုပေါင်း(၁၉၂)အနက် (၃)လအောက် ဝမ်းစာ မဖူလုံ၍ လုပ်အားခကြိုယူ၍ စားဝတ်နေရေးဖြေရှင်းနေရသော အိမ်ထောင်စုပေါင်း(၂၀)အိမ်ရှိပြီး ဝမ်းစာမဖူလုံသောအိမ်ထောင်စုများမှာလည်း အသက်အရွယ်ကြီးရင့်၍ အိုမင်းမစွမ်းသော အိမ်ထောင်စုများ၊ မျက်စိမမြင်သော အိမ်ထောင်စုများဖြစ်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။ ပေါ်သစ်သောင်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုနည်းပါးသည့် သက်ကြီးရွယ်အို (၆၄)နှစ် နှင့်အထက် ကျား(၁)ဦး၊ မ(၈)ဦး၊ စုစုပေါင်း(၉)ဦးရှိကြောင်း၊ ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု(၂)စု ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ပေါ်သစ်သောင်ကျေးရွာ ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေတွင် အဆင်ပြေ သော အိမ်ထောင်စုနှင့်အလယ်အလတ်ရှိသောအိမ်ထောင်စုများမှာ အန္တရာယ်ရှိနိုင်သည့် ထိခိုက်သက်ရောက်မှုများမရှိကြောင်း၊ မပြေလည်သော အိမ်ထောင်စုများမှာ(၃)လအောက် စားနပ်ရိက္ခာ မဖူလုံသောကြောင့် လုပ်အားခ ကြိုတင်ယူ၍ မိသားစုစားဝတ်နေရေးအတွက် ဖြေရှင်းရသည့် အခြေအနေမျိုးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ပေါ်သစ်သောင်ကျေးရွာ သည် ဇလွန်မြို့၏အရှေ့ဘက် ရောဝတီမြစ် တစ်ဖက်ကမ်းတွင် တည်ရှိသောကျေးရွာဖြစ်ပြီး ရေလမ်းခရီးဖြစ်သောကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု အနည်းအကျဉ်းရှိကြောင်း၊ တီဘီရောဂါသည် အနည်းအကျဉ်းရှိကြောင်း၊ အိမ်ထောင်စုများမှာ မိုးတွင်းအခါ မြစ်ရေတက်ခြင်း အခြေအနေမျိုးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ပေါ်သစ်သောင်ကျေးရွာသည်

သဘာဝရင်းမြစ်(မြေ၊ စိုက်ပျိုးရေ) ရှားပါးမှု၊ မိုးခေါင်မှု၊ အအေးလွန်ကဲမှု၊ ပြင်းထန်သော မုန်တိုင်း၊ ငလျင် ဒဏ်၊ မီးဘေး၊ သစ်တောပြုန်းတီးမှု၊ ငှက်ဖျားရောဂါ၊ ကိုယ်ခံအားကျဆင်းမှု ရောဂါ၊ ကျေးရွာတွင်းပဋိပက္ခ၊ တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှု၊ လူကုန်ကူးမှုစသည့်ထိခိုက်မှုမျိုး မရှိကြောင်း လေ့လာတွေ့ရှိရပါ သည်။

ပေါ်သစ်သောင်ကျေးရွာ တွင် ထိခိုက်သက်ရောက်မှုခံရသူများအတွက် အုပ်စုကဏ္ဍာ အလိုက် ခွဲခြားသတ်မှတ်ရာတွင် မြေယာမဲ့ဆင်းရဲသား တောင်သူကျပန်းအလုပ်သမားများနှင့် အမျိုးသမီးဦး ဆောင်သည့်အိမ်ထောင်စုများသည် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသော်လည်း ထိခိုက်သက် ရောက်မှုနိမ့်ကြောင်း၊ လူငယ်များသည် အရက်သေစာသောက်စားမှုရှိသောကြောင့် ထိခိုက်သက်ရောက် မှု အသင့်အတင့်ရှိကြောင်း၊ အိမ်ထောင်စု အချို့မှာ မိုးတွင်းအခါ ရေးကြီးတတ်သောကြောင့် နေရေး ထိုင်ရေး၊ သွားရေးလာရေး၊ စားဝတ်နေရေး အခက်အခဲအနည်းအကျဉ်းရှိကြောင်း လေ့လာတွေ့ရှိရပါ သည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ပေါ်သစ်သောင်ကျေးရွာတွင် သာမန်ရာသီဖျားရောဂါများမှလွဲပြီး အခြားရောဂါ ဘယဖြစ်ပွားမှု နည်းပါးကြောင်း၊ ရာသီချိန်များတွင် ဖြစ်တတ်သည့် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန် တုပ်ကွေးစသည့် ရောဂါဖြစ်ပွားမှုအနည်းအကျဉ်းရှိသော်လည်း ပျံ့နှံ့ကူးစက်မှုအန္တရာယ်မရှိကြောင်း၊ ကျေးရွာနှင့်(၃)မိုင် ခန့်အကွာတွင် ရေလဲတိုက်နယ်ဆေးရုံရှိသဖြင့် ကျန်းမာရေးဝန်ဆောင်မှုများ ကောင်းစွာရရှိပြီး အဆင် ပြေမှု ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ပေါ်သစ်သောင်ကျေးရွာတွင် လွန်ခဲ့သော(၁၂)လအတွင်း၌ မေးခိုင်ကာကွယ်ဆေး ထိုးနှံခြင်း များ နှင့်အခြားစုပေါင်းကာကွယ်ဆေးအနေဖြင့် ဆင်ခြေထောက်ရောဂါကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးထိုးနှံမှုများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ပေါ်သစ်သောင်ကျေးရွာ တွင်ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများအနေဖြင့် ကျေးရွာ အတွင်းတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိခြင်း၊ ကျေးရွာနှင့်(၃)မိုင်ခန့်အကွာတွင် ရေလဲတိုက်နယ် ဆေးရုံရှိပြီး ဆေးရုံအတွင်းတွင် အခန်း၊ကုတင်ပြည့်စုံလုံလောက်မှုရှိခြင်း၊ ကျေးရွာနှင့် (၂)မိုင်ကျော်အကွာ မြစ်တစ်ဖက်ကမ်းတွင် ဇလွန်ပြည်သူ့ဆေးရုံကြီးရှိပြီး လိုအပ်သောအခန်း၊ ကုတင် ပြည့်စုံလုံလောက်မှု ရှိခြင်းတို့ကြောင့် ကျန်းမာရေးနှင့်ပတ်သက်၍ အခက်အခဲ တစ်စုံတစ်ရာ မရှိကြောင်း လေ့လာတွေ့ရှိရပါ သည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ပေါ်သစ်သောင်ကျေးရွာ တွင် စာမတတ်သူဦးရေ ကျား(၇၈)ဦး၊ မ(၈၉)ဦး၊ စုစုပေါင်း(၁၆၇)ဦး၊ (၂၇)%ရှိကြောင်း၊ မူလတန်းအဆင့်ရှိသူဦးရေ ကျား(၁၇၃)ဦး၊ မ(၁၈၉)ဦး၊ စုစုပေါင်း (၃၆၂)ဦး၊ (၅၉)% ရှိကြောင်း၊ အလယ်တန်းအဆင့်ရှိသူဦးရေ ကျား(၃၅)ဦး၊ မ(၂၉)ဦး၊ စုစုပေါင်း(၆၄)ဦး၊ (၁၀)% ရှိကြောင်း၊ အထက်တန်းအဆင့်ရှိသူဦးရေ ကျား(၁၃)ဦး၊ မ(၁၀)ဦး၊ စုစုပေါင်း(၂၃)ဦး၊ (၄)%ရှိကြောင်း၊ တက္ကသိုလ်/ ကောလိပ်အဆင့်ရှိသူဦးရေ ကျား(၂)ဦး၊ မ(၂)ဦး၊စုစုပေါင်း(၄)ဦး(၁%)ရှိကြောင်း၊ ကျေးရွာတွင် မူလတန်းအဆင့် ရှိသူများပြားပြီး ဘွဲ့ရပညာတတ် နည်းပါးကြောင်း လေ့လာ တွေ့ ရှိရပါသည်။ ပေါ်သစ်သောင်ကျေးရွာ ကျေးရွာ၌ လက်ရှိကျောင်း တက်နှုန်းအဆင့်မှာ မူလတန်းအဆင့် ကျား(၁၄၂)ဦး၊ မ(၁၈၁)ဦး၊ စုစုပေါင်း(၃၂၃)ဦး၊ (၆၇)% ရှိကြောင်း၊ အလယ်တန်းအဆင့် ကျား(၅၄)ဦး၊ မ(၃၅)ဦး၊ စုစုပေါင်း (၈၉)ဦး၊ (၁၈)%ရှိကြောင်း၊ အထက်တန်း အဆင့် ကျား(၁၂)ဦး၊ မ(၁၃)ဦး၊ စုစုပေါင်း(၂၅)ဦး၊ (၅)%ရှိကြောင်း၊ တက္ကသိုလ်/ ကောလိပ်အဆင့် ကျား(၈)ဦး၊ မ(၁၅)ဦး၊ စုစုပေါင်း(၂၃)ဦး၊ (၁၀)%တို့ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ပေါ်သစ်သောင်ကျေးရွာ တွင်မူလတန်းကျောင်းရှိပြီး သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း ကျောင်းဆောင်များဖြစ်ကြောင်း၊ ဆရာ/ဆရာမများ ကျောင်းသား/သူများအတွက် လုံလောက်မှု ရှိကြောင်း၊ ကျောင်းဆရာ/ဆရာမစုစုပေါင်း ကျောင်းဆရာ(၃)ဦး၊ ကျောင်းဆရာမ(၂) ဦးတို့ ရှိပြီး ဆရာ၊ တပည့် အချိုးကိုက်ညီမှုရှိကြောင်း၊ ကျောင်းတွင် အာဟာရတိုက်ကျွေးမှုများမှာလည်း ရွာမှဖြစ်စေ ဆရာ/ မ များမှဖြစ်စေ အလှူရှင်ရှိပါကလည်း တိုက်ကျွေးမှုများရှိကြောင်း လေ့လာတွေ့ ရှိရပါသည်။ ကျောင်း ဆောင်ဝန်းအတွင်းတွင် ကျောင်းသား၊ ကျောင်းသူများ ကိုယ်ကာယကြံ့ခိုင် စေရန်၊ သွက်လက်ထက် မြက်စေရန်၊ အားကစားပြုလုပ်ရန် မြေနေရာစီစဉ်ထားခြင်းမရှိသဖြင့် ကလေးငယ်များ ပညာရေးအတွက် တစ်ဖက်တစ်လမ်းမှအကူအညီအထောက်အကူပြုနိုင်စေရန် မြေနေရာသတ်မှတ်ပေး ပြီး အားကစား ကွင်းစီစဉ်ပေးရန်လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ပေါ်သစ်သောင်ကျေးရွာ တွင် ပညာရေးနှင့်ပတ်သက်၍ ကျား(၉)ဦးနှင့်မ(၅)ဦးဖြင့် ဖွဲ့စည်း ထားသော ကျောင်းကော်မတီအသင်းရှိပြီးပူးပေါင်းပါဝင်ဆောင်ရွက်မှုရှိကြောင်း၊ ကျောင်းတွင် ကျောင်း ဆရာ/ မလုံ လောက်ကြောင်း၊ မိသားစုစားဝတ်နေရေးအရသော်လည်းကောင်း (သို့မဟုတ်) ကျောင်းသူ /ကျောင်းသား တို့၏ စိတ်ဝင်စားမှုအားနည်းမှုတို့ကြောင့်လည်းကောင်း မူလတန်းအဆင့်ဖြင့် ကျောင်း တက်နှုန်း နည်းပါးလာကြောင်း လေ့လာတွေ့ရှိရပါသည်။

**(စ) ကျား‌မဆိုင်ရာဆက်နွယ်မှု**

ပေါ်သစ်သောင်ကျေးရွာ ရှိ ကျား၊ မရေးရာ အခန်းကဏ္ဍပါဝင်နှင့်ပတ်သက်၍ ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာပါဝင် ဆောင်ရွက်သော် လည်းအခန်း ကဏ္ဍနည်းပါးနေသေးကြောင်း၊ ဦးဆောင်မှု နည်းပါးနေသေးကြောင်း၊ ကျေးရွာစီမံ အုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှုအခြေအနေမျိုးမရှိကြောင်း၊ လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှု များမရှိခဲ့ကြောင်း၊ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့်တရားမျှတမှု ဆိုင်ရာများ အတွက် ကျေးရွာသူ ကျေးရွာသားများ ထိုက်သင့်သလောက် အသိမြင်ရှိပါကြောင်း လေ့လာတွေ့ရှိရပါ သည်။

ပေါ်သစ်သောင်ကျေးရွာ တွင် လယ်ယာလုပ်ငန်းအတွက် ယောကျ်ားလေးများ၏ လုပ်အားခ နှုန်းထား အများဆုံးမှာ(၅၀၀၀)ကျပ်၊ မိန်းကလေးများ၏လုပ်အားခနှုန်းထားအများဆုံးမှာ (၄၀၀၀) ကျပ် ဖြစ်ပါသည်။ အမျိုးသား၊ အမျိုးသမီး ခွဲခြားဆက်ဆံခြင်းမျိုး မဟုတ်ဘဲ လုပ်အား စိုက်ထုတ်မှုပေါ်မူတည်၍ ကွာခြားသွားခြင်းဖြစ်ပါသည်။

**၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ပေါ်သစ်သောင်ကျေးရွာ တွင် သီးသန့်အဖွဲ့အစည်း ဖွဲ့စည်းထားခြင်းမရှိသော်လည်း လူမှုရေး၊ စီးပွားရေး၊ သာရေး၊ နာရေး ကိစ္စရပ်များတွင် လူကြီး၊လူငယ်၊ကျား၊မ ပူးပေါင်း ပါဝင် ဆောင်ရွက်တတ်သည့် အလေ့အကျင့် ကောင်းများရှိပါသည်။ ကျေးရွာသူ ကျေးရွာ သား များသည် ဗမာလူမျိုးများနှင့် ကရင်လူမျိုးများဖြစ်ကြပြီး ကျေးရွာတွင် ကျေးရွာ တွင်ကျေးရွာ စာသင်ကြောင်းသာရှိသဖြင့်ကျေးရွာ၏အဆောက်အဦးခိုင်မာမှုအသင့်အတင့် ရှိပါသည်။ကျေးရွာတွင် စည်းစည်းလုံးလုံး တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ရိုင်းပင်းကူညီကြကာ ရပ်ရေးရွာရေးတို့တွင် အတူတကွပူးပေါင်းပါဝင်လုပ် ဆောင်ကြပါ သည်။

ပေါ်သစ်သောင်ကျေးရွာ တွင် ဖွဲ့စည်းထားသော ကျေးရွာတွင်းလူထုအခြေပြုအဖွဲ့ အစည်း များမှာ အဖွဲ့ဝင်(၂၁)ဦးဖြင့်ဖွဲ့စည်းထားသော အုပ်ချုပ်ရေးဖွဲ့၊ အဖွဲ့ဝင်(၇)ဦးဖြင့်ဖွဲ့ စည်းထား သော ဂေါပ ကအဖွဲ့၊ အဖွဲ့ဝင်( ၂၀ )ဦးဖြင့် ဖွဲ့စည်းထားသော ကျောင်းကော်မတီအဖွဲ့၊ အဖွဲ့ဝင်(၃၅)ဦးဖြင့်ဖွဲ့စည်းထားသော

ပရဟိတ အသင်းတို့ရှိကြောင်း၊ အဖွဲ့အစည်းတို့၏ စွမ်းဆောင်နိုင်မှုအသင့် အတင့်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ပေါ်သစ်သောင်ကျေးရွာ တွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပ အဖွဲ့အစည်း များမှာ ပြည်တွင်း/ ပြည်ပ ပရဟိတအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများမရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ပေါ်သစ်သောင်ကျေးရွာ တွင် မတ်ပဲနှင့် ပြောင်းကို အဓိကသီးနှံအဖြစ် စိုက်ပျိုးကြပြီး မတ်ပဲ(၁)ကေပျမ်းမျှ အထွက်နှုန်း (၈၀)တင်း၊ ပြောင်း(၁)ကေ ပျမ်းမျှအထွက်နှုန်း (၉၅)တင်း နှုန်းဖြစ်ကြောင်း၊ သီးနှံများအတွက်ပံ့ပိုးရ သော သွင်းအားစု လိုအပ်ချက်မှာ ပုံမှန်ဖြစ်ကြောင်း၊ သီးနှံများဖြစ်ထွန်းမှု အကျိုးအမြတ်ရရှိမှုများမှာ လည်း အသင့်အတင့်သာ ဖြစ်ကြောင်း၊ ပြောင်းကိုအဓိကထားအားထားစိုက်ပျိုးရာဒေသဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ပေါ်သစ်သောင်ကျေးရွာ ၏ သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်း ကောင်း များမှာ လယ်၊ကိုင်းအဓိကစိုက်ပျိုးရေးဒေသဖြစ်သဖြင့် လယ်ယာမြေကို ကောင်းစွာအသုံးချ ကြခြင်း၊ စိုက်ပျိုးရေး အတွက်လိုအပ်သော ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာနှင့် အခြားဓါတုဗေဒ သွင်းအားစုများ ဝယ်ယူရရှိနိုင်ခြင်း၊ အလုပ်သမားရနိုင်ခြင်း၊ စိုက်ပျိုးရေးသုံးချေး ငွေတို့ ရရှိနိုင်ခြင်းတို့ ဖြစ်ကြပါသည်။

ပေါ်သစ်သောင်ကျေးရွာ တွင် မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုမှာ နွားမွေးမြူသော အိမ်ထောင်စု**(၂၄)**အိမ် အကောင်ရေ(၅၇)ကောင်၊ ဝက်မွေးမြူသောအိမ်ထောင်စု(၉) အိမ်အကောင် ရေ(၂၀) ကောင်၊ ကြက်မွေးမြူသောအိမ်ထောင်စု(၆၇)အိမ် အကောင်ရေ(၃၅၃)ကောင်၊ ဘဲမွေးမြူ သော အိမ်ထောင်စု (၁)အိမ် အကောင်ရေ(၂)ကောင် ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ပေါ်သစ်သောင်ကျေးရွာ၏ မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုမှာ စီးပွားဖြစ်မွေးမြူကြခြင်း မဟုတ်ဘဲ တစ်ပိုင်တစ်နိုင်မွေးမြူကြခြင်းသာဖြစ်ပါသည်။ ငါးလုပ်ငန်းနှင့်ပတ်သက်၍ မြစ်ထဲတွင် ဟင်း စားအဖြစ်ရှာဖွေစားသောက်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

ပေါ်သစ်သောင်ကျေးရွာ တွင် ကြက်၊ ဘဲ၊ ဝက်၊ နွားမွေးမြူရေးကဏ္ဍတွင် ပြဿနာ အခက်အခဲများရှိ၍ စီးပွားဖြစ်မမွေးမြူကြခြင်းမဟုတ်ပါ။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ပေါ်သစ်သောင်ကျေးရွာ၏ စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြား အသက်မွေးဝမ်းကျောင်း လုပ်ငန်းများမှာ ကျပန်းအလုပ်လုပ်ကိုင်ခြင်း၊ **ဖော်ကား**မောင်းခြင်း၊ စက်လှေအငှားလိုက်ခြင်း**တို့ဖြင့်**

အဓိကအသက်မွေးကြပါသည်။ ပေါ်သစ်သောင်ကျေးရွာသည် ဇလွန်မြို့၏ အရှေ့ဘက် ဧရာဝတီမြစ်တစ်ဖက်ကမ်းတွင် တည်ရှိသောကျေးရွာဖြစ်သော်လည်း ရန်ကုန်တိုင်း ဒေသကြီး၊ အဖျောက်မြို့ နှင့်နယ်နိမိတ်ချင်းနီးစပ်သောကြောင့် ကျေးရွာ၏ဒေသထွက်ကုန်များအား ရောင်းချရန်ဈေးကွက်ကောင်း ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ပေါ်သစ်သောင်ကျေးရွာသည် ဧရာဝတီမြစ်တစ်ဖက်ကမ်းကျေးရွာဖြစ်ခြင်း၊ ဇလွန်မြို့နှင့် (၂)မိုင်ကျော်ကွာဝေးခြင်းတို့ကြောင့် လျှပ်စစ်မီးမရရှိသေးသည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြား အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူများသည် လက်ရှိအခြေအနေထက် ပိုမို ကောင်းမွန်သည့် အလုပ်အကိုင် အခွင့်အလမ်းများ၊ ဝင်ငွေတိုးပွားမှုများမရရှိကြောင်း လေ့လာတွေ့ရှိ ရပါသည်။ ကျေးရွာတွင် ဘွဲ့ရ ပညာတတ်လည်းအနည်းငယ်ရှိခြင်း၊ လက်သမား၊ ပန်းရံ၊ ဆိုင်ကယ်ပြင်၊စက်ဘီး ပြင်၊ ဇီဇယ် စက်ပြင်ဆရာများရှိခြင်း၊ လက်တွန်းထွန်စက်များမောင်းနှင်တတ်ခြင်း၊ ခြွေလှေ့စက်များ မောင်းနှင်တတ်ခြင်း၊ ဝါးတောင်း၊ ဇကော၊ ဖျာယက်၊ ဝါးခြင်းလုပ်သော အတတ်ပညာရှိခြင်း၊ ယိုစုံစား သောက်ကုန်ထုတ်လုပ်တတ်ခြင်း၊ အကြော်မျိုးစုံပြုလုပ်တတ်ခြင်းတို့ တတ်ကျွမ်းပါသည်။

## (ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ပေါ်သစ်သောင်ကျေးရွာ ၏ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းမြစ်များစီမံ ခန့်ခွဲမှု စနစ်၌ လယ်နှင့်ကိုင်းအဓိကလုပ်ကိုင်သောကျေးရွာဖြစ်သဖြင့် လယ်နှင့်ကိုင်းစိုက်ပျိုးရေးလုပ်ငန်းတို့မှ ထွက်ရှိသော အမှိုက်များအား မြေစာအဖြစ် ပြန်လည်သုံးစွဲခြင်းများပြုလုပ်လေ့ရှိကြောင်း၊ နေအိမ်များမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများအား တစ်ဦးချင်းတစ်ယောက်ချင်း စနစ်တကျစွန့်ပစ်ကြခြင်းများ ပြုလုပ်ကြသော်လည်း ကျေးရွာအဆင့်သီးသန့်နေရာ စီမံထားခြင်းမျိုးမရှိကြောင်း၊ စွန့်ပစ်ပစ္စည်းများကြောင့် ဆိုးကျိုးဖြစ်ပွားမှုအန္တရာယ် မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ယခုနှစ်အခါ၌ လယ်ယာစိုက်ခင်းများတွင် ဖျက်ပိုး ကျရောက်မှုဆိုးရွားကြောင်း၊ ဖျက်ပိုးကျရောက်မှုကိုကာကွယ်ရန် သဘာဝမြေသြဇာသုံးစွဲမှုနည်းပါးပြီး အလွယ်တကူအသုံးပြုနိုင်သော ပိုးသတ်ဆေးများကိုသာ အသုံးပြုလေ့ရှိကြောင်း၊ စိုက်ပျိုးရေး မျိုးကောင်းမျိုးသန့်များ ရရှိရေးလိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ပေါ်သစ်သောင်ကျေးရွာ တွင် လယ်သမားအနည်းစုမှ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေးချေးငွေ (အတိုးနှုန်း ပြား ၈၀)ဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် ချေးယူသုံးစွဲကြသည်။ ကျေးရွာ၏ ဝမ်းကျောင်းရေးလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ချေးယူကြပါသည်။

ငွေတိုးချေးသူများထံမှ (အတိုးနှုန်း၅ကျပ်)နှုန်းဖြင့် ချေးယူသူအနည်းအကျဉ်းမျှသာရှိပါသည်။

ပေါ်သစ်သောင်ကျေးရွာ ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူကြကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်ချက်အရ အကြွေးတင်ရှိမှု နည်းပါးကြောင်း တွေ့ရသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ပေါ်သစ်သောင်ကျေးရွာ ၏ သောက်သုံးရေရရှိမှုမှာ ကိုယ်ပိုင်တုံကင် တွင်းအသုံးပြုသူ အိမ်ထောင်စု (၁၉၂) အိမ်ရှိသော်လည်း မြစ်ချောင်းတို့မှ နွေ၊မိုး၊ဆောင်း၊ ရာသီသုံးပါးစလုံး သောက်သုံးရေကိုသုံးစွဲနေရပါသဖြင့် လုံလောက်မှုမရှိကြောင်း၊ အဆလမင်ပြေမှုမရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။ပေါ်သစ်သောင်ကျေးရွာ တွင် သန့်ရှင်းသောယင်လုံအိမ်သာအသုံးပြုသူ အိမ်ထောင်စု (၉၄) အိမ်၊ အိမ်သာမရှိသူ(၃၅)အိမ်အသုံးပြုကြကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

ပေါ်သစ်သောင်ကျေးရွာ တွင်းရှိ လူငယ်များသည် သာရေး၊နာရေးနှင့် ဘာသာရေးဆိုင်ရာ ကိစ္စရပ်များတွင် တက်တက်ကြွကြွဆောင်ရွက်ကြသည်။ ကျေးရွာတွင်းတွင် နေထိုင်သောသူများမှာ ဗုဒ္ဓဘာသာဝင်များဖြစ်သောကြောင့် ဘုရားပွဲ၊ ကထိန်ပွဲများ ကျင်းပဆောင်ရွက်ကြကြောင်း၊ ဘုရားပွဲများတွင် နှစ်စဉ်ဖျော်ဖြေရေးအစီအစဉ်များအနေဖြင့် ဇာတ်ပွဲများဖြင့် ဖျော်ဖြေမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ပေါ်သစ်သောင်ကျေးရွာရှိလူငယ်လူရွယ်များသည် အားကစားပါဝင်လုပ်ဆောင်မှုအားနည်းကြောင်း၊ ကိုယ်လက်ကြံ့ခိုင်ရေးအတွက် အားကစားစိတ်ပါဝင်စားစွာပါဝင်လာစေရန် လှုံ့ဆော်မှုများ၊ ပံ့ပိုးမှုများ ပြုလုပ်ပေးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ပေါ်သစ်သောင်ကျေးရွာ တွင် မြေသားလမ်း ကျေးရွာသူကျေးရွာ သားများ ရာသီမရွေး သွား လာအသုံးပြုပြီး ကျေးရွာတွင်းလမ်းသွယ်လေးများမှာ မြေသားလမ်း ဖြစ်သည့်အတွက် ရာသီမရွေး သွားလာအသုံးပြုမှုမရရှိသည့်အတွက် ကွန်ကရစ်လမ်းဆောက်လုပ်ချင်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

ပေါ်သစ်သောင်ကျေးရွာ တွင် ချောင်းကိုဖြတ်၍ တံတားတစ်စင်းမျှမရှိပါကြောင်း လေ့လာ တွေ့ရှိရပါသည်။

ပေါ်သစ်သောင်ကျေးရွာသည် လက်ရှိတွင် ဆိုလာအသုံးပြုသူအိမ်ထောင်စု (၁၂၆) အိမ်၊ (၆၄)%၊ ဒီဇယ်အင်ဂျင် အသုံးပြုသူအိမ်ထောင်စု (၂၇)အိမ်၊ (၁၄)%၊ ဆိုလာရှိသောအိမ်များတွင် ဘက်ထရီအိုး ခြောက်များ တစ်ခါသွင်း (၁၀၀)ပေး၍ ဘက်ထရီအိုးအသုံးပြုသူအိမ်ထောင်စု (၄၄)အိမ်၊ (၂၂)%ရှိ ကြောင်း၊ လျှပ်စစ်မီးလင်းရေးရရှိလိုကြောင်း၊ ဇလွန်မြို့နှင့် ဧရာဝတီမြစ်ခြားသောကြောင့် ဓါတ်အားလိုင်း ရရှိရေး အဆင်မပြေနိုင်သော်လည်း ရန်ကုန်တိုင်းဒေသကြီး၊ အဖျောက်မြို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေ သောကြောင့် အဖျောက်မြို့မှ သွယ်တန်းခွင့်ရရှိပါက အကောင်အထည်ဖော်ဆောင်ရွက်လိုခြင်း၊ ကျေးရွာမှငွေကြေးမတတ် နိုင်ခြင်းကြောင့် ပူးပေါင်းဆောင်ရွက်ပေးပါက ကျေးရွာမှလည်း တတ်အား သရွေ့ လူအင်အား၊ ငွေအင်အားတို့ ထည့်ဝင်၍ အကောင်အထည်ဖော် ဆောင်ရွက်လိုကြောင်း လေ့လာ တွေ့ရှိရပါသည်။

ပေါ်သစ်သောင်ကျေးရွာ တွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များ ရရှိရေး အတွက် ဖုန်း(၁၈၁)လုံး၊ ရေဒီယို(၃)လုံး၊ တီဗွီ(၆၃)လုံး၊ ဂြိုလ်တုစလောင်း(၅၂)လုံးဖြင့် အသုံးပြုနိုင်မှု ရှိကြောင်း၊ mpt၊ telenol၊ ooredoo၊ mytel ဆက်သွယ်ရေးလိုင်းအားလုံးဖြင့် ဆက်သွယ် အသုံးပြု နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ပေါ်သစ်သောင်ကျေးရွာ သည် ကုန်စည်ကူးသန်းရောင်းဝယ်မှုတို့အတွက် (၅)မိုင်ကွာဝေး သော အနီးဆုံးဈေး "အဖျောက်ဈေး'သို့ သွားလာကြပြီး စားသောက်ကုန်( ကုန်စိမ်း၊ ကုန်ခြောက်)၊ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း၊ အဝတ်အထည်၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ ဝယ်ယူရရှိနိုင်ပါသည်။ ယခင်နှစ်များတွင် အဖျောက်မြို့သို့ ရေကြောင်းဖြင့်ဆက်သွယ်သွားလာနိုင် သော်လည်း ယခုအခါတွင် သောင်များဖြစ်ပေါ်လာသောကြောင့် ဆိုင်ကယ်၊ ကား/ထော်လာဂျီတို့ဖြင့် အများဆုံးသွားလာကြပါသည်။ ချောင်းကြီး(အောက်)ကျေးရွာသည် ပစ္စည်းစုံဝန်ဆောင်မှုများအတွက် (၃၀)မိုင်အထက်ကွာဝေးသော တိုက်ကြီးမြို့သို့ ဆိုင်ကယ်၊ ကား/ထော်လာဂျီတို့ဖြင့် ဆက်သွယ်သွား လာကြကြောင်း လေ့လာတွေ့ရှိ ရပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ပေါ်သစ်သောင်ကျေးရွာ တွင် လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ လုံးဝမရှိပါ။ မူးယစ် ဆေးသုံးစွဲမှုနှင့်ပတ်သက်၍ အရက်သေစာသောက်စားခြင်းအနည်းငယ်မျှသာရှိပါသည်။ ခိုးဆိုး လုယက်မှု များမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ပေါ်သစ်သောင်ကျေးရွာ သည် ဆက်သွယ်ရေးနှင့်ပတ်သက်၍ MPT, Telenor, Ooredoo ကဲ့သို့သောဖုန်း လိုင်းများမိသောကြောင့် အလွယ်တကူဆက်သွယ်နိုင်ပြီး ကျေးရွာသူ/ ကျေးရွာသား များမှာ ဖုန်းဖြင့် Internet ပင် အသုံးပြုနေကြပါသည်။ MPT ဖုန်းတာဝါတိုင်ရှိသောကြောင့် သတင်း ဆက်သွယ်ရေးစနစ်ကောင်းမွန်ပါသည်။ လုံခြုံရေးဆိုင်ရာကိစ္စရပ်များအတွက်လည်း အလွယ်တကူ အကြောင်းကြားကာ အကူအညီရယူနိုင်ကြောင်း လေ့လာတွေ့ ရှိရပါသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

## (က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ပေါ်သစ်သောင်ကျေးရွာ သည် မြစ်ချောင်းနှင့်နီးပြီး သဲ၊ ကျောက်များ၊ လမ်းခင်း ကျောက်များ အလွယ်တကူရရှိနိုင်ခြင်း၊ မိုးရာသီတွင် ရေကြောင်းလမ်းဖြင့် ဆောင်ရွက်နိုင်ခြင်း၊ မိုးရာသီတွင် ရေကြောင်းခရီးဖြင့် အခြားမြို့များသို့သွားလာနိုင်ခြင်း၊ နွေရာသီတွင် ကုန်းလမ်းဖြင့် အခြားမြို့ရွာများသို့ သွားလာဆက်သွယ်နိုင်ခြင်း၊ လယ်ယာများတွင်အသုံးပြုသော လှည်းလမ်း များတွင် နွေရာသီ၌ ကားများသွားလာနိုင်ခြင်း၊ လယ်ကွင်းများဆားငံရည်မဝင်ခြင်း၊ ဇလွန်မြို့နှင့် အလှမ်းကွာဝေးသော်လည်း ရန်ကုန်တိုင်းဒေသကြီးနှင့် နယ်နမိတ်ချင်းနီးစပ်သောကြောင့် အလွယ် တကူသွားရောက် အလုပ်လုပ်နိုင် ခြင်းစသည့်အခြေအနေကောင်းများရှိပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်းသီးထပ်စိုက်ပျိုးပြီး အထွက်တိုးရန်အတွက် အင်းအိုင်များကို သုံး၍ ရေတင်ခြင်း၊ ချောင်းနှင့်နီးသောနေရာများတွင် ချောင်းရေဖြင့်တင်ခြင်း၊ တွင်းတူး၍ ရေတင်နိုင်ကြ ခြင်း၊ မြေဆီမြေနှစ်ကောင်းမွန်ခြင်း၊ စက်ကိရိယာများငှားရမ်းအသုံးပြုနိုင်ကြခြင်း၊ ဈေးကွက်လက်လှမ်းမီ ခြင်း၊ မိုးသီးနှံ၊ ဆောင်းသီးနှံနှင့် ဟင်းသီးဟင်းရွက်များပါ စိုက်ပျိုးနိုင်ခြင်း စသည့် အခြေအနေကောင်းများ ရှိပါသည်။ ပေါ်သစ်သောင်ကျေးရွာ တွင် ဘွဲ့ရပညာတတ် လည်း အနည်းငယ်ရှိခြင်း၊ လက်သမား၊ ပန်းရံ၊ ဆိုင်ကယ်ပြင်၊ စက်ဘီးပြင်၊ ဗီဇယ်စက်ပြင်ဆရာများရှိခြင်း၊ လက်တွန်းထွန်စက်များ မောင်းနှင် တတ်ခြင်း၊ ခြွေလှေ့စက်များ မောင်းနှင်တတ်ခြင်း၊ ဝါးတောင်း၊ ဇကော၊ ဖျာယက်၊ ဝါးခြင်းလုပ်သော အတတ်ပညာရှိခြင်း၊ ယိုစုံစားသောက်ကုန် ထုတ်လုပ်တတ်ခြင်း၊ အကြော်မျိုးစုံပြုလုပ်တတ်ခြင်းတို့ တတ်ကျွမ်းပါသည်။

ပေါ်သစ်သောင်ကျေးရွာ တွင် ကျန်းမာရေးနှင့်ပတ်သက်၍ ကျေးလက်ဆေးပေးခန်းရှိခြင်း၊ ရေကောင်းရေသန့် လုံလောက်စွာရှိခြင်း၊ ကာကွယ်ဆေးတိုက်ကျွေးသောအစီအစဉ်များနှစ်စဉ်ရှိခြင်း၊ ကျန်းမာရေးပညာ ပေးအစီအစဉ်များရှိခြင်း၊ မြို့နှင့်ဆေးရုံများသို့လက်လှမ်းမီခြင်းစသည့် အခြေအနေ ကောင်း များရှိပါ သည်။

ပေါ်သစ်သောင်ကျေးရွာ ၏အဆောက်အဦပိုင်းနှင့်ပတ်သက်၍ ကျေးရွာတွင် အလယ်တန်းကျောင်းရှိခြင်း၊ ဘုန်းကြီး ကျောင်းရှိခြင်း၊ ဘုရားကျောင်းရှိခြင်း၊ ဘုရားစေတီရှိခြင်း၊ ကျေးလက်ဆေးပေးခန်းရှိခြင်း၊ ခရစ်ယာန်ဘုရား ကျောင်းရှိခြင်း၊ MPT တာဝါတိုင်ရှိခြင်း၊ သင်္ဘြိုလ်စက်ရှိခြင်း စသည့် အခြေအနေ ကောင်းများ ရှိပါသည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ပေါ်သစ်သောင်ကျေးရွာ သည် အနီးအနားပတ်ဝန်းကျင်ထက် စီးပွားရေးဖွံ့ဖြိုးမှုနှေးကွေး ခြင်း၊ ဇလွန်မြို့နှင့် အလှမ်းကွာဝေးသောဒေသတွင်တည်ရှိခြင်း၊ မိုးရာသီများတွင် ရေကြီးတတ်ခြင်း၊ စိုက်ပျိုးရေးတွင် မိရိုးဖလာနည်းကိုသာ အသုံးပြုမှုယုံကြည်ခြင်း၊ အသေးစား စီးပွားရေး လုပ်ငန်း များတွင် စွန့်ဦးတီထွင်မှုမရှိခြင်း၊ မြို့ပေါ်ရှိဘဏ်လုပ်ငန်းဝန်ဆောင်မှုများသည် ကျေးရွာသို့ နယ်လှည့်ဆောင်ရွက်မှုမရှိခြင်း၊ စိုက်ပျိုးရေးတွင် မျိုးကောင်းမျိုးသန့်ရရှိနိုင်မှုခက်ခဲခြင်း၊ လျှပ်စစ်မီး သွယ်တန်းရန် မဟာဓါတ်အားလိုင်းနှင့် အလှမ်းကွာဝေးခြင်း၊ ကျေးရွာကုန်ထုတ်လုပ်မှုများအတွက် ဈေးကွက်အတက်အကျကြောင့် သင့်တင့်သောဈေးနှုန်းမရရှိခြင်းစသည့် အဟန့်အတားများရှိ ပါသည်။ တာကျိုးပိုင်းကျေးရွာတွင် ရေကြီးမှု၊ လေပြင်း တိုက်ခတ်မှု သဘာဝဘေးအန္တရာယ် များရှိခြင်း စသည့် အဟန့်အတားများရှိပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလအတ ွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းတိုး တက်စေရန် ကွန်ကရစ်လမ်း ရရှိစေရမည်။

က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ကျေးရွာတွင်း ကျေးရွာဆေးပေးခန်း ရရှိရေး ဆောင်ရွက်ရမည်။

က.၃) ကျွန်ုပ်တို့ ရွာလူထုသည် ရွာသူရွာသားအားလုံးလူမှုစီးပွားတိုးတက်စေရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရ ရှိ အောင်ဆောင်ရွက်နိုင်ရမည်။

က.၄) ကျွန်ုပ်တို့ ရွာလူထုသည် ရွာသူရွာသားအားလုံးအသိပညာရရှိရန်အတွက် သောက်သုံးရေ ရ ရှိ အောင်ဆောင်ရွက်နိုင်ရမည်။

## (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်စေရန် ကွန်ကရစ်လမ်း ရရှိစေရမည်။

ခ.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာအတွင်းရှိ ကျန်းမာရေး၊ အခက်အခဲများရှိသဖြင့် ကျေးရွာဆေးပေးခန်းရရှိအောင် ဆောင်ရွက်သွားမည်။

ခ.၃) ကျွန်ုပ်တို့ ရွာလူထုသည် ရွာသူရွာသားအားလုံးလူမှုစီးပွားတိုးတက်စေရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရရှိ အောင်ဆောင်ရွက်နိုင်ရမည်။

ခ.၄) ကျေးရွာသူကျေးရွာသားများအတွက် သောက်သုံးရေးရရှိအောင် ကျေးလက်ဦးစီးဌာန၏ အကူအညီယူချိတ်ဆက်တင်ပြဆောင်ရွက်သွားမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များများနှင့် ဗဟိုအဆင့်မူဝါဒများ အကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏အကြံပြုချက်အရ ပြုစုဖော်ပြ ထားပါသည်။ ဤအဖွဲ့အစည်းများ အနေဖြင့်နိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာ အဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်း များကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

## (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။

ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင်အား ထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည် စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီ အစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင်အား ထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည် စိစစ်ခြင်း၊ နောက်ဆုံး အတည်ပြုထား သည့်ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ် သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာဦးစားပေး စီမံချက်များနှင့် ဘတ်ဂျက်ပမာဏ ပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) ကျေးရွာတွင်းလမ်းများအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း**

ပေါ်သစ်သောင်ကျေးရွာ တွင် ရွာတွင်းလမ်းများ ရာသီမရွေး ဆက်သွယ် သွား လာ အသုံးပြုနိုင်စေရေး ကျေးရွာသူ ကျေးရွာသားများ အထူးလိုအပ်နေပါသည်။ ကျေးရွာ လမ်းပန်း ဆက်သွယ်ရေး တိုးတက်ကောင်းမွန်မှ သာလျှင် လူနေမှုဘဝတိုးတက်မြင့်မားလာမည်ဖြစ်ပါသည်။ ကျေးရွာတစ်ရွာလုံးမှလည်း လိုလိုလား လားနှင့် လုပ်အား၊ ငွေအားပါဝင်လုပ်ဆောင်နေကြပါသည်။ ကျေးရွာသည် စီးပွားရေးအနေအထား၊ ငွေအားချို့တဲ့သောကျေး ရွာဖြစ်သဖြင့်လမ်းအဆင့်မြှင့်တင်ရေးအား ကိုယ်ထူကိုယ်ထ စနစ်ဖြင့် မဆောင်ရွက်နိုင်သောကြောင့် နိုင်ငံတော် မှအကူအညီများ ရရှိရန်နှင့် ကျေးလက်ဦးစီးဌာနမှ ချိတ်ဆက်ဆောင်ရွက်ပေးရန်အတွက်လည်း အထူးပင်လိုအပ်နေပါသည်။

**(ဂ) ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း**

ပေါ်သစ်သောင်ကျေးရွာတွင်းရှိ ကျောင်းသားကျောင်းသူများ/ကျေးရွာသူ/သားများကျန်းမာရေး အခက်အခဲရှိ၍ ကျေးလက် ကျန်မာရေး ဆောက်လုပ်နိုင်ရန် ဆိုင်ရာဦးစီးဌာန၊ အလှူရှင်တို့နှင့်ချိတ်ဆက်၍ ကျေးရွာမှလည်းထည့်ဝင်ငွေများ ကောက်ခံ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

**(ဃ) မြစိမ်းရောင်စီမံကိန်းရရှိအောင်ဆောင်ရွက်ခြင်း**

ပေါ်သစ်သောင်ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းနှင့်မိသားစုဝင်ငွေတိုးပွားလာစေခြင်းအားဖြင့် ကျေးလက်ဒေသဆင်းရဲမှုနှုန်းကို လျှော့ချနိုင်ရန်၊ တိုးပွားလာသောရန်ပုံငွေဖြင့် ကျေးရွာအတွက်အမှန်တကယ်လိုအပ်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာမှကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့်ကျေးလက်လူထု၏ စွမ်းဆောင်ရည် တိုးတက်လာစေရန်နှင့်မမျှော်မှန်းနိုင်သော ဘေးအန္တရာယ်များ ကျရောက်လာပါက တုံ့ပြန်မှုအားကောင်းသော လူမှုအဖွဲ့အစည်း များ ပေါ်ပေါက်လာစေရန်အတွက် မြစိမ်းရောင်စီမံကိန်းရရှိအောင် ကျေးလက်ဦးစီးဌာနနှင့်ချိတ် ဆက်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

**(င) ကျေးရွာတွင် သန့်ရှင်းသောသောက်သုံးရေရှိရန်စက်ရေတွင်းများတူးဖော်ဆောင်ရွက်ခြင်း**

ပေါ်သစ်သောင်ကျေးရွာမှာ မြစ်နှင့်နီးသော်လည်း သောက်သုံးရေများမှာ အာဆင်းနစ်ဓါတ်ပါဝင်သောကြောင့် ရွာသူ/ ရွာသားများ၏ ကျန်းမာရေးအခြေအနေ ကောင်းမွန်စေရန် ကျန်းမာသန့်ရှင်းသော စက်ရေတွင်းများ တူးဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဦးစီး ဌာနများနှင့် ချိတ်ဆက်ဆောင် ရွက်သွားမည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘော ထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်းချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေး လုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထား နိုင်ကြသော်လည်း ငါးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့်ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူ ဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြှပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဘွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှပ်နှံမှု အမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း အသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍ အပိုင်းအခြားများ ကိုသိရှိစေနိုင်သည်။

ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများရရှိရန် လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) ကွန်ကရစ်လမ်းခြင်း(၁၁၆၀'×၄'×၆")

(၂) ဆေးပေးခန်းတည်ဆောက်ခြင်း (၃၀'×၃၀')

(၃) မြစိမ်းကျေးရွာစီမံကိန်း

(၄) သောက်သုံးရေးရရှိရေး(၄"x၄၀၀')

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စဉ် | စီမံချက် | အဆင့် | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ |
|---|---|---|---|---|---|---|---|
| ၁။ | ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ၁ | ✔ | | | | |
| ၂။ | ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း | ၂ | | ✔ | | | |
| ၃။ | မြစိမ်းရောင်ချေးငွေလုပ်ငန်းဆောင်ရွက်ခြင်း | ၃ | | | ✔ | | |
| ၄။ | စက်ရေတွင်းတည်ဆောက်ခြင်း | ၄ | | | | ✔ | |

## ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့များအစည်းများနှင့်ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစု ရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်း ဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အားၤသဲၤကျောက်၊ ပစ္စည်းကိရိယာၤအချိန် စသည်)

## စီမံချက်ဘတ်ဂျက်

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | | | ✔ | | |
| ၂ | ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း | | | ✔ | | |
| ၃ | မြစိမ်းရောင်ချေးငွေလုပ်ငန်းဆောင်ရွက်ခြင်း | | | ✔ | | |
| ၄ | စက်ရေတွင်းတည်ဆောက်ခြင်း | | | ✔ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ - မိဘဆရာ အသင်း သည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး

ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

**(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် ဦးဆောင် စီမံ ခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင် မတတ်နိုင်သော အကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ- မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်၍ ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ် လုပ်ငန်းအထောက်အကူပြုလမ်းအဆင့် မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

**(၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ ပုဂ္ဂိုလ်များ ၏ ပါဝင်မှုမှာအမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသော အဖွဲ့၏တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## ၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့်ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့်လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊လုပ်ထုံးလုပ်ငန်းများတည် ဆောက် ပါမည်။

### (၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု (financial progress) တို့ကိုစနစ်တကျကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်

